ကျောက်တောကျေးရွာ

ပင်းတယမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောက်တော ကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။


ဩဂုတ် ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကျောက်တောကျေးရွာ
ပင်းတယမြို့နယ်

ကျောက်တောကျေးရွာ
မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	
၁	**တည်နေရာနှင့် ပထဝီဝင်အနေအထား**	၅
၂	**ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**	၅
၃	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**	၅
၄	**စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	
	(က)သီးနှံစိုက်ပျိုးရေး	၆
	(ခ)မွေးမြူရေးလုပ်ငန်း	၇
	(ဂ)ငါးလုပ်ငန်း	၇
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၇
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၇,၈
၅	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	၈
	(ခ)ကျေးရွာမီးလင်းရေး	၈
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	၈
၆	**ပညာရေး**	၈,၉

၇	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**	၉
၈	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၉,၁၀
၉	**ကျား-မ ရေးရောကိစ္စရပ်ဆိုင်ရာ**	၁၀
၁၀	**ဦးစားေပးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၁
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၂
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဧယားများ	-
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြုဧယား	၁၃
	နောက်ဆက်တွဲ(၄)နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	၁၄



၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျောက်တောကျေးရွာသည် ပင်းတယမြို့၏မြောက်ဘက် (၁)မိုင်ခွဲခန့်အကွာတွင် တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အနေဖြင့် (၃၈၁၁)ပေခန့်ရှိပြီးရှမ်းကုန်းပြင်မြင့်၏အနောက်ဘက်တွင် တည်ရှိကာညီညာပြန့်ပြူးခြင်းလည်းမရှိပေ။ ရာသီဥတုမှာမုတ်သုံရာသီဥတုဖြစ်သည်။

၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီးရာသီဥတုကောင်းမွန်ပါသည်။ သို့သော် သစ်တောများပြုန်းတီးလာမှုကြောင့်ရာသီဥတုဖောက်ပြားတတ်ပါသည်။သဘာဝရင်းမြစ်များအနေဖြင့် လက်ဖက် ကိုအဓိကစိုက်ပျိုးကြပါသည်။ လက်ဖက်စိုက်ပျိုးထားမှုဧရိယာမှာ (၂၀၀)ဧကခန့်ရှိသည်။ တစ်ရပ်ရွာလုံးနီးပါးစိမ့်စမ်းရေအပေါ် မှီခိုအားထားနေရသည်။ ကျွန်တော်တို့ရွာ၏ အရှေ့ဖက်စပ်တွင် ပန်းရံလုပ်ရာတွင် အသုံးပြုသောကျောက်အမျိုးအစားအနည်းငယ်ထွက်ရှိသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်အုပ်ချုပ်ရေးအဖွဲ့၊ မိဘဆရာအသင်း၊ မီးလင်းရေးအဖွဲ့၊ သမချေးငွေအဖွဲ့၊ သုခနုပရဟိတအဖွဲ့၊ မြစိမ်းရောင်အဖွဲ့၊UNDPအဖွဲ့တို့ ရှိပါသည်။ ရပ်ရေးရွာရေးကိစ္စများကိုအုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများကအဓိကဦးဆောင်ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံများမှာပြောင်း၊ ဂျုံး၊ မြေပဲ၊ ပဲစင်းငုံ၊ ပဲကြီး၊ နှမ်း၊ နေကြာတို့ဖြစ်ပါသည်။ လက်ဖက်ကိုအဓိကအားထားစိုက်ပျိုးပါသည်။ အဓိကစိုက်ပျိုးသီးနှံများထုတ်လုပ်မှုတွင် ဈေးကွက်မတည်ငြိမ်မှုမှာ ပြဿနာတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ဟင်းသီးဟင်းရွက်အပြင် အခြားနှစ်ရှည်ခံသီးနှံပင်များစိုက်ပျိုးရန်ဟင်းသီးဟင်းရွက်ထွက်ကုန်များကိုကုန်ကြမ်းရောင်းချရန်မဟုတ်ဘဲကုန်ချောထုတ်လုပ်ရန်အဓိကဆောင်ရွက်ရန်လိုအပ်ပါသည်။ဈေးကွက်လိုအပ်ချက်အရတန်ဖိုးမြင့်ရောင်းချနိုင်သောအော်ဂဲနစ်ထုတ်လုပ်နိုင်သောထုတ်ကုန်များလိုအပ်ပါသည်။သီးနှံထုတ်ကုန်မျာ်းကိုပြည်တွင်းဈေးကွက်သာထုတ်လုပ်ရောင်းချသည့်စနစ်မှ ပြည်ပဈေးကွက်အထိကျယ်ပြန့်စွာတင်ပို့ရောင်းချနိုင်လျှင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် ကျေးရွာဖွံ့ဖြိုးလာနိုင်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်ကွဲ၊ နွား၊ ဝက် စသည်တို့ကိုဝင်ငွေရလုပ်ငန်းအဖြစ်ဆောင်ရွက်ရန် စားကျက်နှင့် တိရစ္ဆာန်အစာရရှိနိုင်မှု၊ ရာသီဥတုအခြေအနေပေးမှုစသည့် အခြေအနေကောင်းများရှိပါသည်။ သို့သော်
တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကိုဝင်ငွေရလုပ်ငန်းအဖြစ်ဆောင်ရွက်မှုမရှိသလောက်နည်းပါသည်။ နည်းပညာဝန်ဆောင်မှုကိုမြို့နယ်မွေးကုဉီးစီးဌာနမှ ရရှိနိုင်သော်လည်းဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းသည်။ဆင်းရဲသောအိမ်ထောင်စုများကမွေးမြူရေးလုပ်ငန်းတ ည်ထောင်တိုးချဲ့ဆောင်ရွက်ရန်ချေးငွေကိုမြစိမ်းရောင်လည်ပတ်ရန်ပုံငွေမှ ချေးယူကြသည်။ ကျေးရွာတွင် မွေးမြူရန်မြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

(ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင်လက်သမား၊ပန်းရံလုပ်ငန်း၊ကျောက်တူးခြင်းလုပ်ငန်းများကိုလုပ်ကိုင်လျက်ရှိပြီ ်းအခြားဝင်ငွေရရှိမှုလုပ်ငန်းများမရှိသလောက်နည်းပါသည်။
အခြားဝင်ငွေရလုပ်ငန်းများမှာနေ့စားအလုပ် ၊ ပန်းရံ၊ လက်သမားအလုပ် ၊ အိမ်ဆိုင် နှင့် အစိုးရဝန်ထမ်းဆိုင်ကယ်ပြင်လုပ်ငန်းတို့ ဖြစ်ကြသည်။အခြားလုပ်ငန်းအများစုမှာရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာစိုက်ပျိုးရာသီများတွင် အလုပ်အကိုင်များပြီးကျန်အချိန်များတွင် တွက်ချေကိုက်မှုအသင့်အတင့်သာရှိသည်။

(င) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ချေးငွေလက်လှမ်းမီမှုမှာစိုက်ပျိုးရေးလုပ်ငန်းအတွက် မြန်မာ့စိုက်ပျိုးရေးဘဏ်မှရရှိ၍ တောင်သူတစ်ဦးလျှင် တစ်ဧကကို (၁၀၀၀၀၀)ကျပ်နှုန်းဖြင့် ထုတ်ချေးပါသည်။ သမချေးငွေအဖွဲ့၊ ကျေးရွာစိတ်တူကိုယ်တူအဖွဲ့၊ UNDP ချေးငွေအဖွဲ့ဟူ၍ ငွေကြေးဝန်ဆောင်မှုများရရှိသည်ကိုတွေ့ရပါသည်။

၅။ အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်ုပ်တို့ကျေးရွာမှ မြို့သို့ ကား၊ ဆိုင်ကယ်များအသုံးပြု၍ သွားလာနိုင်သည်။ သယ်ယူပို့ဆောင်ရေးနှင့်သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ်(၇၅) စီး၊ ထော်လာကျီ(၆)စီး၊စက်ဘီး(၄၀)စီး၊နွားလှည်း(၂)စီးများကိုသာအဓိကထားအသုံးပြုကြသည်။လမ်းပန်းဆက်သွယ်ရေးအသင့်အတင့်ကောင်းမွန်ခြင်းကြောင့်ကုန်စည်စီးဆင်းမှုမှာလည်းလျင်မြန်လာပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာကိုယ်ပိုင်ပိုင်ဆိုင်သည့်ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများဖြစ်ပေါ် လာသည့်အခါ အခက်အခဲများဖြစ်နေရပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင်အိမ်ထောင်စု(၆၇)စုသာဆိုလာစနစ်ကိုအသုံးပြုကြပါသည်။အခြားကျန်သောအိမ်တစ်ချို့မှာဖရောင်းတိုင်မီးကိုသာအဓိကထားအသုံးပြုကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ရွာ၏ အဓိကခက်ခဲသော ပြဿနာမှာ လျှပ်စစ်မီးမရမှုပင်ဖြစ်သည်။

(ဂ) သတင်း နှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းဖုန်းများကိုလူမှုရေး၊ စီးပွားရေးများတွင် အသုံးပြုကြပြီးအင်တာနက် ၊ သတင်းချိတ်ဆက်မှုများလည်းရှိကြသည်။ သို့သော်အင်တာနက်သုံးစွဲနိုင်မှုမှာအသင့်အတင့် ကောင်းမွန်သည် **(ဃ) ပညာရေး**

ကျေးရွာ၏ရွာသူရွာသားအများစုမှာမူလတန်းနှင့်အလယ်တန်းပညာတတ်မြောက်ကြသူဖြစ်ပါသည်။ အထက်တန်းပညာပြီးဆုံးသူ (၁၃)ဦးဖြစ်ပြီးတက္ကသိုလ်ပညာပြီးဆုံးသူ(၂၅)ဦး၊ မူလတန်းပညာပြီးဆုံးသူ(၁၃၀)ဦး၊ အလယ်တန်းပညာပြီးဆုံးသူ(၆၆)ဦးရှိပါသည်။ ကျောင်းဝင်နှုန်းအနေဖြင့်
မူလတန်းကျောင်းဝင်နှုန်း(၁၀၀%)ကျော်ရှိပြီးအလယ်တန်းကျောင်းဝင်နှုန်းမှာ (၄၅.၅%)ရှိပါသည်။ သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာနိမ့်ကျဆဲဖြစ်ပြီးလူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးဆဲဖြစ်သည်။

၇။ ကျန်းမာရေး၊ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင်ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာဆေးပေးခန်းမရှိပါ။ ကြက်ခြေနီဆရာမတစ်ဦးသာရှိပါသည်။ သောက်သုံးရေအနေဖြင့် ကျေးရွာနှင့် ၇ မိုင်ဝေးသောကျေးရွာတွင်တည်ရှိသည့် ရေကိုပိုက်ဖြင့်သွယ်တန်းသိုလှောင်၍ နွေရာသီအသုံးပြုရန်အတွက် ထားရပါသည်။ မြစ်ချောင်း၊ ရေအိုင်များမရှိသည်မှာလည်း ကျွန်ုပ်တို့ရွာ၏
အဓိကရင်ဆိုင်နေရသောရေရှားပါးသည့်အခက်အခဲပင်ဖြစ်သည်။ရေကိုမိုးရေလှောင်ကန်၌သိုလှောင်ပြီးသန့်ရှင်းစိတ်ချရသောသောက်သုံးရေရရှိစေရန် ကျိုချက်ခြင်းပြုလုပ်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့ရွာအိမ်ခြေ(၇၀)အိမ် အနက် ကျင်းအိမ်သာမရှိသလောက်နည်းပါးပါသည်။

၈။ ဘေးအန္တရာယ် နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင်
တောင်သူအများစုမှာသမရိုးကျစိုက်ပျိုးရေးနည်းဖြင့်သာစိုက်ပျိုးကြပြီးမြေဆီလွှာ
ထိန်းသိမ်းပြုပြင်နည်းစနစ်များကျင့်သုံးမှုအားနည်းပါသည်။စိုက်ပျိုးမှုပညာပေးစနစ်မရှိသောကြော
င့်လည်းဖြစ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်
ကျေးရွာလူထုအဖွဲ့အစည်းစနစ်များ၊ နည်းပညာနှင့်
အကူအညီများရရှိရေးအစီအမံများလိုအပ်လျက်ရှိပါသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့် မ အကြား ပြင်းထန်စွာ အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စ များ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး များသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေး တူညီစွာရရှိကြသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့် ၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်း၊ မူလတန်း အဆင့်တွင် မအရေအတွက် မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကို ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

၁၀။ ကျောက်တောကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကျေးရွာအုပ်စုအမည် – ရေဖြူ		ကျေးရွာအမည် – ကျောက်တော	မှတ်ချက်
	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အခြေခံအဆောက်အဦး	ကျေးလက် လမ်း၊ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ရွာတွင်းလမ်းကျောက်ခြော(၂)မိုင်	
၂	အခြေခံအဆောက်အဦး	ကျေးလက် လမ်း၊ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	တစ်ဖက်ရပ်ဆည်ပိတ်ခြင်းအမြင့်(၁၀)သစ်ယားချောင်းအရှည်(၁၅၀)ပေ	
၃	အခြေခံပညာရေး ဆိုင်ရာ	ကျောင်းအဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ	စာသင်ကျောင်းထိုင်ခုံ၊စာရေးခုံတစ်ယောက်ထိုင်ခုံ(၅၀)စုံ	
၄	လျှပ်စစ်မီး	မဟာဓါတ်အားလိုင်း	လျှပ်စစ်မီး	
၅	အခြေခံအဆောက်အဦး	ကျေးလက်အဆောက်အဦ၊ပရိဘောဂ	ဘုန်းကြီးကျောင်းသွပ်	
၆	အခြေခံအဆောက်အဦး	ကျေးလက်လမ်း၊တံတား	ရေကျော်တံတားတည်ဆောက်ရန်၅စင်းအရှည်(၁၂)ပေ	

နောက်ဆက်တွဲ(၁)

ကျောက်တောကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း							
စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးထွန်းရင်	ဦးကြာညွန့်			ဥက္ကဋ္ဌ		
၂	ဦးအေးမောင်	ဦးစံဝင်း			အတွင်းရေးမှူး		
၃	ဦးကျော်ရဲအောင်	ဦးအောင်ကင်း			ဘဏ္ဍာရေးမှူး		
၄	ဦးစိုးမြင့်	ဦးထွန်းချိန်			စာရင်းကိုင်		

၅	ဒေါ်သန်းမြင့်	ဦးလှရွှေ			စာရင်းစစ်		
၆	ဒေါ်ခင်မျိုးတင့်	ဦးလှထွန်း			သော့ကိုင်		
၇	ဒေါ်သူဇော	ဦးဘဖေ			အဖွဲ့ဝင်		

နောက်ဆက်တွဲ(၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား (ကျောက်တော)ကျေးရွာ

က ချုပ်ငြိမ်းရေးကောင်စီဆက်						
စဉ်	ပြဿနာ	အကြောင်းအရာ	အဆင့်အနေအထား	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချန်ခွင့် လုပ်ငန်းများ
၁	စားသောက်ဆုံလုံလောက်မှုမရှိခြင်း	ကျေးရွာဦးရေများခြင်း			မြို့နယ်ညီလာခံတွင် တင်ပြဆွေးနွေးခြင်း	စားသောက်ကုန်ဆိုင်ရာ တစ်ပတ်(၅)စုံ
၂	မိုးရာသီတွင် ဖြစ်သောသောက်ရေစင်တွေ့ရှိရန်ခက်ခဲခြင်း	မြစ်သောသောက်ရေစနစ်ချို့ယွင်းခြင်း		သောက်သုံးရေကို သယ်ယူရန်အရင်းအနှီးမရှိအဝေးကို သွားရောက်ရန်မရှိ	ကျေးကျွဲမွေးမြူရေးနှင့် ဆက်သွယ်ဖက်ဖွဲ့ခြင်း မယ်	ရွာသောင်းသောက်ရေ ချောင်း(၂)မိုင်
၃	မိုးရာသီတွင်မိုးရွာသွန်းခြင်း	သပ်ပြုပြင်ထားသောလမ်းများ	လုပ်ဆောင်ပြီးမယ်		ဘန်ကြီးကာ ချောသပ်လွယ်ခြင်း	ဘန်ကြီးကာ ချောသပ်လွယ်ခြင်း
၄	စက်ပိုပြီးလေဝဲခြင်းကြောင့် သုံးစွဲပိုမိုမရခြင်း	ဆည်မရခြင်း			ကျေးကင်းသေဖွဲ့ခြင်းကိုကာ ရေဦးစီးနှင့် တင်ပြဆွေးနွေးခြင်း	တစ်ကရိယဆည်ပိတ်ခြင်းအမြင့် (၃၀)သစ်ပင်း ခ ချောအရှည်(၁၅၀)ပေ
၅	လမ်းပေါ်ဆောင်ရက်ကြောင့် ချော်လဲသွားရောက်ခြင်း	ရေကြောတံတားများ မရခြင်း			ကျေးကင်းသေဖွဲ့ခြင်းကိုကာ ရေဦးစီးနှင့် တင်ပြဆွေးနွေးခြင်း	ရေကြောတံတားတည်ဆောက် ရန်(၁၂)ပေ(၅)စင်း
၆	မိုးသုံးလုံးလောက်လောက်ရရှိနိုင်ခြင်း	လယ်စမ်းမရရှိတဲ့အတွက် ကြောင်းတော့ ဓာတုရတယ် သစ်ပင်းတော့ မြန်နှုန်းဖြစ် တယ်	လက်ရှုပ်ပြီးစီးနေပါ ပြီ		မြို့နယ်လယ်ယာစီးပွားရေးနှင့် တင်ပြဆွေးနွေးခြင်း	လယ်စမ်းများ

ကျောက်တော ကျေးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်

"နစ္စဒ်အလဝိုဂ်စမီခံကျင်လပုင်နမ်မျးား							
စဉ်	အဆစ်ြုးလပုင်နမ်မျးား	အဆငွ့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ရွေးကောင်းသမင်းကာ များကာခ် များခေင်ခြင်း(၂မငို်)	၂	✓	✓			
၂	ဘနုဒ်ကြီးကာ များ်သပွ်	၃	✓	✓	✓	✓	
၃	စးကောင်က် များ်ဝငိုခ်ံစုံးရးခေတုံစပ်မေးကာ် ထငို(၅၀)စုံ	၁	✓	✓			
၄	လးျွစ်စမ်ီး	၆		✓	✓		
၅	တစဖ်ကရ်ပဆညပ်တိာခ်ြင်းအမြင်း(၃၀)သစ် ယးခ များ်အရညြ်(၁၅၀)ပေ	၄	✓	✓	✓		
၆	ရကော များ်ကာတံးကာညခ်မေးကာရ်နရ်စင်းအရြ ညြ်(၁၂ပေ)	၅	✓	✓	✓		